ရွှေပဒေသာစာပေ

# မိုးစက်ပွင့်
(ကလောင်ခွဲ)
# အာလင်းသစ်

## သူသာလျှင်အရှင်သခင်

အချစ်
လုံးချင်းဝတ္ထုသစ်



# အခန်း (၁)

"တစ်ယောက်တော့ ပေါ်တော်မူ လာပြီ"

"သူက ဘယ်သူလဲ"

"ဆောင်းနေခြည်လေ"

"ဩော် ဩော်"

"မင်း ခိုက်သွားပြီလား၊ တော်တော်လှတာနော်၊ လှသလောက် မာနကလည်း ကြီးသလား မမေးနဲ့ "

မှန်ပါသည် ။ ဘောင်းဘီအနက်ရောင်နှင့် ရယ်ဒီမိတ်အနီရောင်ကို တွဲဝတ်ထားတဲ့ ဆောင်း နေခြည်ဆိုတဲ့ မိန်းကလေးက ရဲရဲတောက် ဝံ့ကြွားနိုင်အောင်လှ၏။ အင်္ကျီပေါ်မှာ ကပ်ကျောက် တွေက ဖိုးဖိုးဖိတ်ဖိတ်၊ လိုးလိုးလဲ့လဲ့နှင့်ပါ။ မျက်ဝန်းတွေကရွှန်းလက်တောက်ပနေပြီး နှုတ်ခမ်းလွှာခပ်ပါး ပါးက တင်းတင်းစေ့ထားသယောင် မာနရိပ်ကို ဖော်ကျူးနေ၏။ မျက်နှာကလေးထောင့်ဆန်ချင်ပြီး မျက်ခုံးမျက်တောင်တွေကအစ ပြောစရာမလိုအောင် လှသူ။

အရပ်ကလည်း ၅ ပေနဲ့ ၅ လက်မလောက်ရှည်ပြီး ဒေါက်ဖိနပ်က စီးထားသေးတော့ တော်ရုံ ယောကျ်ား ယှဉ်မရပ်ရဲတာမျိုးပေါ့။ ကိုယ့်အရပ်က သူ့ထက် ၅ လက်မလောက် ပိုမြင့်နေတော့ ယှဉ်မရပ်ရဲစရာအကြောင်း မရှိတော့ဘူးလေ။

“ဟော … ဟိုမှာ နောက်တစ်ယောက် လာပြီ”

“သူကတော့ ဆောင်းနေခတဲ့ ၊ ညီအစ်မတော့ မဟုတ်ကြဘူး၊ ဖွားဘက်တော်တွေလေ၊ ခြံချင်း ကပ်နေကြတာတဲ့ ”

“ခုလည်း အတူတူလာကြတာပဲနေမှာ ၊ တစ်ယောက်က အကြောင်းတစ်ခုခုကြောင့် နောက်မှာ ကျန်ခဲ့တာပဲဖြစ်မှာ ပေါ့”

သူငယ်ချင်းတွေရဲ့ စကားက နားထဲကိုမဝင်။ ဆောင်းနေခြည်နဲ့ ဆောင်းနေခ လာပြီဆိုတာနှင့် မျက်လုံးပေါင်းများ စွာက သူတို့ ဆီမှာလေ။ ဒီအထဲမှာ ဘုန်းထွဋ်နေသာဆိုတဲ့ ကောင်လည်း ပါတာပေါ့။ အစကတည်းက နေခြည်နဲ့ နေခဆိုတဲ့ နှစ်ယောက်ကို ကိုယ့်နာမည် နေသာဆိုတာနှင့် တိုက်ဆိုင်သလိုရှိလို့ နေသုံးနေဖြစ်အောင် လုပ်ချင်လို့ ဒီပွဲကို လာခဲ့တာပါ။ ဒါပေမဲ့ ခေါက်ရိုးကျိုးနေတဲ့ ချဉ်းကပ်နည်းမျိုးနဲ့ တော့ သူ ချဉ်းကပ်မှာ မဟုတ်ပေ။

ဆောင်းနေခတဲ့ ၊ ဘောင်းဘီအဖြူ၊ အင်္ကျီက အနက်ရောင်စွေးစွေးဖြစ်ပြီး အပေါ်က ကုတ်အင်္ကျီအဖြူရောင်ကို ထပ်ဝတ်ထားသည် ။ ကုတ်အင်္ကျီက ခါးတင်လေးမှာ ကြယ်သီးတွေ တပ်ထား၏။ မဟော်ဂနီရောင်ဆံပင်တွေကို အားလုံး အပြောင်သိမ်းပြီး ခပ်မြင့်မြင့် စည်းထားပုံက ရိုင်းမလို ယဥ်မလို လှနေတာပဲ ဖြစ်၏။ သူက ဆောင်းနေခြည်ကို မျက်တောင်တွေ၊ မျက်ခုံးတွေ ဆေးသားမတင်ဘဲ သမားရိုးကျ မျက်တောင်လေးတွေ ကော့ပြီး လှနေတာ ဖြစ်၏။ နှုတ်ခမ်းထူထူ ပြည့်ပြည့်လေးက ပန်းဆီရောင်တင်ထားတော့ နှင်းဆီဖူးလေးလို၊ ပါးပြင်လေးတွေကလည်း ပြည့် ပြည့်ဖောင်းဖောင်း။

ဆောင်းနေခြည်က အဝတ်အစားအရောင်နဲ့ လိုက်ပြီး နားဆွဲ၊ ဆွဲကြိုး၊ လက်ပတ် အစရှိသည် တို့ ကို လှလှပပ ဝတ်ထားသလောက်

ဆောင်းနေခက နားမှာ စိန်ပွင့်သေးသေးလေး မြုပ်ထားတဲ့ နားကပ်နှင့် လည်ပင်းမှာ စိန်ပွင့်လေးတွေတန်းထားတဲ့ လည်ဆွဲလေးတစ်ခုသာ ဝတ်ဆင်ထား၏။ လက်မှာ လည်း စိန်လက်စွပ်တစ်ကွင်းတည်းသာရှိပြီး နှစ်ခုသုံးခု ထပ်ဝတ်တာမျိုး မရှိပေ။

နှစ်ယောက်မှာ တစ်ယောက်တစ်မျိုးစီလှကြပြီး ခေတ်မီပုံချင်းက သိပ်မတူ။ အတော်များ များကတော့ ဆောင်းနေခြည်က ပိုလှပြီး ဆောင်းနေခက ချစ်စရာကောင်းတာတဲ့ ။ ထူးခြားတာ တစ်ခုက ဆောင်းနေခသည် ဆောင်းနေခြည်လောက် အရပ်မရှည်ခြင်းပင်။

“ဘယ်လိုလဲ နေသာ”

“ဘာကိုလဲ”

“ဘယ်သူ့ကို သဘောကျလဲလို့ ”

“နှစ်ယောက်စလုံးပဲ”

“အဲဒီလို လောဘကြီးလို့ မရဘူးလေကွာ”

“လောဘကြီးရင် ဘာလောက်ပဲရတတ်လဲ မင်းသိလား”

“ခွေးကောင် … မညစ်ပတ်နဲ့ ”

ရယ်မလိုလုပ်ပြီးမှ မရယ်ဖြစ်တာသည် ဆောင်းနေခြည်နဲ့ ဆောင်းနေခတို့ လျှောက် လာပြီး မွေးနေ့ရှင်နှင့် စကားပြောနေကြတာကို နားစွင့်လိုက်ကြသောကြောင့် …

“ဟိုတစ်ယောက်က ဘယ်လိုဖြစ်လို့ နောက်မှာ လျှိုကျန်ခဲ့တာလဲ”

“ဆောရီးပါ ယွန်းရယ် … ကားပေါ်ကဆင်းခါမှ အိမ်က ဖုန်းဆက်လို့လေ၊ မေမေပေါ့ … အိမ်ပြန်ရင် Trader ထဲမှာ ကြက်ကြော် ဝင်ဝယ်လာ

ခဲ့ပါဆိုလို့ လေ”

“အဲဒါပဲ ယွန်းရေ ... နေခတို့ က အပြင်ထွက်တောင် အိမ်က သံယောဇဉ်တွေပါလာတုန်းပဲ၊ သမီး အခု ဘယ်ရောက်နေပြီလဲ, အိမ်ပြန်ရင် ဘာလေးဝယ်ခဲ့ပါ, ဘယ်ဘုရားမှာ ဘာယတြာချေပေး ပါဦး ... စုံလို့ စုံလို့ ပါပဲ၊ နေခြည်ကတော့ မရဘူး ... အပြင်ထွက်ရင် ဘာပဲလှမ်းခိုင်းခိုင်း လမ်းကြုံ ရင်တော့ လုပ်ပေးတာ၊ တကူးတကဆိုရင် လုံးဝပဲ”

“ဩော် ... နင်ကလည်း နင့်အိမ်မှာ က နင်လုပ်မပေးလည်း လုပ်ပေးနိုင်သူတွေက တစ်ပုံ တစ်ပင်လေ၊ ငါ့အိမ်မှာ က ဘယ်သူရှိလို့ လဲ”

“ကဲ ... တွေ့လား ... ဆင်ခြေက အဆင်သင့်ပဲ၊ သူမှ စွမ်းပကားရှင်ကျလို့ ”

“ငါက ကြွားနေတာမဟုတ်ပါဘူး နေခြည်ရဲ့ ၊ မေးလို့ ပြောပြတာကို ”

“ဟုတ်ပါပြီ၊ ကဲ ... စကားများ မနေကြနဲ့ တော့၊ လာ ... ဟိုဘက်သွားရအောင်”

ယွန်းရွှေလှာက သူငယ်ချင်းတွေရှိရာဝိုင်းသို့ ခေါ်လာခဲ့၏။ နေခြည်နဲ့ နေခသွားတဲ့ နေရာတိုင်း ကို မျက်လုံးအချို့က လိုက်လံရွေ့လျားနေသည်ကို ပြန်မကြည့်ဘဲ သိကြပြီးသား။

“ယွန်း”

“ဟင်”

“ရော့ ... မွေးနေ့လက်ဆောင်”

နေခြည်ပေးတဲ့ လက်ဆောင်သည် အပေါစား အညံ့စား လုံးဝမဖြစ်နို

င်။ စီးပွားအပြိုင်ရှာနေ ကြတဲ့ မိဘနှစ်ပါးက ပေါက်ဖွားလာသည့် သမီး အငယ်ဆုံးလေးမို့ ဘယ်လက်ပဲဖြန့်ဖြန့် ငွေအထပ် လိုက် ရောက် လာပြီး သားလေ။ အစ်ကိုလုပ်သူက ဆရာဝန်ဖြစ်ပြီး နိုင်ငံခြားမှာ ။ ပြန်လာရင် ပါရဂူ ကြီးဖြစ်မယ့်သူပါ။ အစ်မကလည်း ခရိုင်တရားရုံးချုပ် ရှေ့နေတစ်ယောက်ပါ။ နှစ်ယောက်စလုံးက သူတို့ အိမ်ထောင်တွေနှင့်သူတို့ မို့ အိမ်မှာ နေခြည်ကမိုလ်ပေါ့။ အလုပ်သမားတွေ ခေါ်ထားလိုက်တာ များ ထမင်းချက်၊ အိမ်အကူ၊ မာလီ စသည် နှင့် လက်တိုလက်တောင်းခိုင်းဖို့ အစရှိသည် ဖြင့် သူ့နေရာ နှင့်သူ ခိုင်းဖို့ ခေါ်ထားတာ ငါးယောက်တောင်။

နေခကျတော့ တစ်ဦးတည်းသောသမီးလေးမို့ အထီးကျန်ဆန်စွာ နေခြည့်ကိုပဲ ညီအစ်မလို၊ သူငယ်ချင်းလို ချစ်ခင်တွယ်တာနေရသူ။ ဖအေက စီးပွားရေးလောကမှာ နာမည်တစ်လုံးနှင့် အောင် မြင်နေသူတစ်ယောက်။ မအေကတော့ ကျန်းမာရေးမကောင်းသူမို့ အိမ်မှာ ပဲ မီးဖိုချောင်ကိစ္စကို အကူတစ်ယောက်နှင့် ကိုယ်တိုင်ချက်ပြုတ်သူပါ။ နှစ်ဖက်အဘိုးအဘွားတွေက ချမ်းသာကြသည် မို့ နေခရမယ့် အမွေတွေက အများကြီးပါ။

ဖခင်က တစ်ဦးတည်းသောသားဖြစ်ပြီး နေခက တစ်ဦးတည်းသောမြေးမို့ မန္တလေးက အဘိုး အဘွားတွေ ပိုင်ဆိုင်သမျှ နေခနာမည်နှင့် လွှဲထားပြီးသားပါ။ မိခင်ဘက်က အဘိုးအဘွားတွေက တော့ မရှိကြတော့ပါဘူး။ ဒါကြောင့် နေခက သူဌေးသမီးအဆင့် မဟုတ်ပေ။ ကိုယ်တိုင်က သူဌေး မလေးပဲ ဖြစ်၏။

“ဘာလဲဟင် နေခြည်”

“သိချင်ရင် ဖွင့်ကြည့်လိုက်ပါ”

“နေခြည့်လက်ဆောင်ကို ဖွင့်မကြည့်ခင် နေခဆီက လက်ဆောင်ကို

ယူဦးလေ”

“ဟုတ်သားပဲ၊ နေခက ဘာပေးမှာ လဲ”

“ရော့”

ယွန်းက နေခပေးတာကို လှမ်းယူလိုက်၏။ နောက် နေခြည်ပေးတဲ့ ကတ္တီပါရောင်ဘူးလေး ကို ဖွင့်လိုက်တော့ ယွန်းနာမည်ကို အင်္ဂလိပ်အက္ခရာအတိုကောက် ထိုးထားပေးသော မောင်းကွင်း လက်စွပ်လေးပါ။

“ဟယ် … လက်စွပ်လေးပါလား”

“ကြိုက်လား”

“ကြိုက်တာပေါ့ နေခြည်ရဲ့ ၊ ကိုယ့်ဘာသာဝယ်ရင် ရပေမယ့် သူငယ်ချင်းပေးတာကျ မေတ္တာ တရားကြောင့် ပိုလှနေတာပေါ့”

“ဟာ … စားသွားပြီတစ်ပုံ၊ တော်ကီကတော့ မဟော်ဂနီက မင်းသမီး တင်ရိုက်ဖို့ ကမ်းလှမ်း မလားပဲ”

ဇာနည်မျိုးစကားကြောင့် နားလုံးရယ်ကြလေသည် ။ ခင်လဝန်းက …

“မဟော်ဂနီကလား သူ့ကို ကမ်းလှမ်းမှာ ၊ မင်းသမီးတင်ဖို့ တော့ မဖြစ်လောက်ဘူး၊ မင်းသမီး ရဲ့ ထီးတော်မိုးလား, အိမ်ဖော်ခန်း ရိုက်ဖို့လား … အဲဒါမျိုးပဲဖြစ်မှာ ”

“ဟယ် … ဒီရုပ်ဒီရည်လေးကို မှိုချိုးမျှစ်ချိုးပြောတာ … ကြည့်စမ်း၊ ဒီမှာ ယွန်းရွှေလှာတို့ က မင်းသမီးမလုပ်ချင်လို့ မိဘလုပ်စာ ထိုင်စားနေတာ နားလည်လား”

“မင်းသမီးလုပ်ချင်ရင် ထ,မယ်ပေါ့ … ဟုတ်လား”

“ဟယ် ကြည့်စမ်း … မိလဝန်းနော်”

“ငါက ဘာပြောလို့ လဲ၊ မိဘလုပ်စာကို ထ,စားမယ်လားလို့ ပြောတာ ၊ ကိုယ့်ဘာသာမလုံ တာ၊ တုတ်ထိုးနေပြီးတော့”

“လာပြန်ပြီ”

“မလုံတဲ့ အိုး တုတ်ထိုးပေါက်တာကို ပြောတာဟ”

ရယ်စံတွေ သောခနဲ ထွက်လာ၏။ ယွန်းမေမေက …

“သမီးရေ ဟိုဘက်ကဧည့်သည် တွေဆီ သွားဧည့်ခံလိုက်ဦးလေ”

လို့ လာပြောတာကို …

“မေမေပဲ ဧည့်ခံလိုက်ပါ၊ သမီး ပြီးမှ လာမယ်၊ ဒီမှာ သူငယ်ချင်းတွေ ပေးတဲ့ လက်ဆောင် ယူနေတုန်း”

ဆိုတာနှင့် ယွန်းမေမေ လှည့်ထွက်သွား၏။ အဲဒီလို ဆောင်းနေခြည်နဲ့ ဆောင်းနေခတို့ က ဦးစားပေးခံပုဂ္ဂိုလ်တွေပါ။

“ကဲ ကဲ … နေခ”

“ဟင်”

“ပေးစရာရှိတာ ပေးလိုက်၊ မဟုတ်ရင် မိယွန်း တခြားဧည့်သည် တွေကို ဧည့်ခံမှာ မဟုတ် တော့ဘူး”

“ပေးမှာ ပါ ပေးမှာ ပါ၊ ကဲ … ရော့”

နေခပေးလိုက်တဲ့ လက်ဆောင်က နေခြည်လို လှတပတဘူးလေးနဲ့ မဟုတ်၊ ဝက်ဝံရုပ် ခပ် သေးသေးတစ်ရုပ်ပဲမို့ အားလုံး အံ့ဩစွာ ရယ်လိုက်ရမလို၊ နှာခေါင်းပဲ ရှုံ့လိုက်ရမလား။ ဘာမှ အရာ မရောက်ဘဲ တိတ်ဆိတ်နေကြစဉ် …

"အရုပ်ကလေးရဲ့ ဗိုက်မှာ ဇစ်ပါတယ်ယွန်း၊ လက်ဆောင်ပစ္စည်းကို သူက ဗိုက်ထဲထည့်ပြီး သယ်လာပေးတာလေ"

"ဩော် ... ဟုတ်လား"

ယွန်း အရုပ်ကလေး၏ ဗိုက်ကဇစ်ကို ခုမှ ကြည့်ဖြစ်ပြီး ဇစ်ကို ဆွဲလိုက်သည် ။ နောက် ဗိုက်ထဲ ကို လက်ညှိုးလေးထိုးကြည့်မှ တစ်ခုခုရှိတာကို သိလိုက်ခြင်းနှင့်အတူ ဆွဲထုတ်ကြည့်လိုက်တော့

"ဟယ်"

စိန်မဟုတ်ပေမယ့် ကျောက်ဖြူပွင့်လေးကို ပန်းဝတ်ဆံပုံစံထားပြီး ရွှေသားနှင့် ပန်းပွင့်ဖော် ထားသော ရင်ထိုးလေးပါ။ သည် လိုမြင်ရမှ အားလုံးရဲ့ မျက်နှာတွေ ပြုံး လာပြီး ...

"လှလိုက်တာဟယ် ချစ်စရာလေး"

"ကဲ ... လက်ဆောင်ရပြီဆိုတော့ Go တော့ သူငယ်ချင်းရေ၊ တော်ကြာ လာတဲ့ ဧည့်သည် တွေ မကြည်လို့ တို့ မြို့ဂေါ်လီဖြစ်နေဦးမယ်"

"လက်ဆောင်က ဒါနဲ့ တင်မကျေနပ်သေးဘူး"

"ဟာ ... ဘာလိုချင်သေးလို့ လဲ၊ သဒ္ဓါတဲ့ ဆွမ်း တော်ရုံနဲ့ ရပ်တော့လေ"

"မရဘူး ... နောက်ထပ်သီချင်းတစ်ပုဒ်ဆိုပေးမှ ကျေနပ်မှာ ၊ လာ ... ထ"

"ကွိုင်ပဲ"

"လိုက်သွားလိုက်ပါဟာ၊ တို့ တွေက နင့်လောက်အဖြစ်မကြဲလို့ ငြိမ်

နေရတာဟ”

ယွန်းကလည်း ဆွဲခေါ်၊ သူငယ်ချင်းတွေကလည်း တိုက်တွန်းနေသဖြင့် နေခ လိုက်ခဲ့ရပြီး နောက်မှာ ...

“သီချင်းဆိုမလို့ ထင်တယ်ကွ”

“ဟုတ်တယ်၊ ဆောင်းနေခက သီချင်းဆိုကောင်းတယ်တဲ့ ၊ ဆောင်းနေခြည်က”

“ဆက်ပြောလေ ဘာဖြစ်လဲ”

“နေပါဦး နေသာရာ ... ဒီမှာ တံတွေးမျိုချနေတယ်ကွ”

“အခု မျိုချပြီးပြီမဟုတ်လား၊ ဆက်ပြော”

“ဆောင်းနေခြည်က လက်သံပြောင်တယ်တဲ့ သိပြီလား”

ဉာဏ်လင်းဖြိုး တမင်ပြောလိုက်တာ ဖြစ်၏။ နေသာ အငမ်းမရဖြစ်နေလို့ လေ။ တကယ်တော့ ဆောင်းနေခြည်လက်သံပြောင်တယ်ဆိုတာ မှန်သင့်သလောက်တော့ မှန်ပေမယ့် တကယ်ပြောချင် တာက စစ်တုရင်ကစားနည်းမှာ သူနဲ့ ယှဉ်မယ့်သူ မရှိသလောက် တော်နေခြင်းပါပဲ။

“လက်သံက ဘယ်လောက်ပြောင်လဲ မြည်းကြည့်ချင်သေးတယ်”

“အဲဒါဆို အခုအချိန်မှာ သွားနှုယ်ကြည့်လိုက်ပါလား”

“သူက ဆောင်းနေခြည်၊ ငါက ဘုန်းထွဋ်နေသာကွ”

“မင်းဟာမင်း နေသာရုံမကလို့ နေပဲ၀င်၀င်၊ သူ့လက်၀ါးက ပါးရွေးတာ မဟုတ်ဘူး ”

“သေချာတယ်၊ လက်၀ါးတံဆိပ် ကုမ္ပဏီထောင်ဖို့ ”

လွန်းဆွေနဲ့ တာရာကလည်း ပြောနေတာ ရစရာမရှိအောင်ပါပဲ။ အဲဒီမိန်းမ အဲဒီလောက် တောင် မာနကြီးသလား။ ဘုန်းထွဋ်နေသာဆိုတဲ့ ကောင်ကလည်း အဲဒါမျိုးနဲ့ မှ တွေ့ချင်တာလေ။ သူများ ခက်တယ်ဆိုတဲ့ အရာကို သူက လွယ်အောင်လုပ်ချင်သူမို့ …

“မင်းတို့ စောင့်ကြည့်”

“ဘာကိုလဲ”

“သူတို့ နှစ်ယောက်ထဲက တစ်ယောက်ကို ငါ ရအောင် လိုက်ပြမယ်”

“ဘယ်သူ့ကိုလဲ”

“အဲဒါတော့မသိသေးဘူး”

“ဟား … ဘာလဲကွာ မရေမရာနဲ့ ”

နေခရဲ့ သီချင်းသံလေးက စတင်ပျံ့လွင့်လာတော့ အားလုံး ငြိမ်သက်သွားကြသည် ။ ပရိသတ် အားလုံး စိတ်ဝင်စားစွာ နားထောင်နေကြတဲ့ အထဲမှာ နေသာ ဘာလုပ်ရမလဲ အကြံထုတ်နေမိ၏။

နောက် … နှင်းဆီဖြူပန်းအိုးတစ်လုံးကို သတိရသွားမိခြင်းနှင့်အတူ …

နှင်းဆီဖြူတစ်ပွင့်ကို ခူးယူသွားလိုက်ပြီး နေခဆီသို့ လျှောက်လာခဲ့သည် ။ ဧည့်ခံပွဲက ခြံထဲ မှာ လုပ်တာမို့ ပန်းအိုးတွေ ဘယ်နေရာမှာ ရှိသည် ဆိုတာ မြင်ခဲ့ပြီးသားလေ။ နေသာ နေခ အနား ရောက်အောင် တက်သွားပြီး နှင်းဆီပွင့်ကို ခေါင်းမှာ ထိုးစိုက်ခဲ့ကာ ပြန်လှည့်လာခဲ့၏။

“ဟေ့ကောင် နေသာ၊ မင်း အဲဒါ ဘာသွားလုပ်တာလဲ”

“ဒီကောင်တော့ ရာဇဝတ်အိုးကို တုတ်နဲ့ သွားထိုးပြန်ပြီ ဉာဏ်လင်း

ရေ၊ တို့ လစ်မှ ထင်တယ် ကွ”

“လွတ်မယ်ထင်ရင် လစ်ကြည့် လိုက်လေ”

“ဟင်”

“ဟာ”

“ဗုဒ္ဓေါ”

အနားရောက်လာသူကို အားလုံးမော့ကြည့်လိုက်တော့ ဆောင်းနေခြည်။ ခပ်တင်းတင်း မျက်နှာထားနှင့် သူတို့ ကိုကြည့်တဲ့ မျက်လုံးအစုံကို ရင်မဆိုင်ရဲစွာ မျက်နှာလွှဲလိုက်ကြတာ အားလုံး ပါပဲ။ နေသာတစ်ယောက်ကလွဲရင်ပေါ့လေ။

“ဒီမှာ ”

“ဗျာ”

“ရှင် စောစောက နေခကို ဘာသွားလုပ်တာလဲ”

“ဘာလုပ်ရမှာ လဲ၊ နှင်းဆီပွင့်လေး ပန်ပေးတာကို”

“အဲဒါပဲပြောမလို့ လာတာ”

“ဗျာ”

“နေခက စားသောက်ဆိုင်မှာ ဆိုတဲ့ အဆိုတော် မဟုတ်ဘူး ၊ နားလည်လား၊ ဘာလက်ဆောင် မှ မလိုဘူး ... ရော့ ဒီမှာ ”

ကိုယ့်ရှေ့ကို ကိုယ်ပေးတဲ့ နှင်းဆီပွင့်လေး ပြန်ရောက်လာပုံက မညင်သာ။ ကိုယ်ပေးခဲ့တုန်း က ညင်ညင်သာသာလေးပါပဲ။

“အဲဒီလိုတော့ မပြောနဲ့ လေ၊ စီးရီးထွက်တဲ့ နာမည်ကြီး အဆိုတော်

တောင် လက်ဆောင်ပေး ရင် ယူကြတာပဲ၊ အခု သူ့သီချင်းကို ကြိုက်လို့ ကိုယ်က”

“မလိုဘူး”

ခပ်မာမာအသံနှင့် စားပွဲကို လက်ဝါးနှင့်ရိုက်လိုက်တာသည် ဆောင်းနေခြည်ရဲ့ လက်မှ ဟုတ် ရဲ့ လား။ ဒီလောက် ဖြူနုပြီး ချောမောလှပနေတဲ့ မိန်းကလေးက ကိုယ့်လက်ဝါးနာမှာ မကြောက်တာ အံ့သြစရာ။

“ဒီပုံစံနဲ့ လာရောတာတွေ ရိုးနေပြီ၊ ခေါက်ချိုးဖြည်ပြီး မီးပူတိုက်လိုက်ဦး၊ ဆောင်းနေခြည်နဲ့ ဆောင်းနေခဆိုတာ လွယ်လွယ်နဲ့ ချဉ်းကပ်ရမယ့် မိန်းမတွေ မဟုတ်ဘူး ဆိုတာ ခေါင်းထဲ ထည့်သွား လိုက်”

သြော် … ခေါက်ရိုးကျိုးနေတဲ့ ချဉ်းကပ်နည်းနဲ့ မဟုတ်ရင် ရမယ်တဲ့ လား။ စိတ်ချ ဆောင်း နေခြည် … ဘုန်းထွဋ်နေသာဆိုတဲ့ ကောင်က စိန်ခေါ်ပွဲဆို နောက်မဆုတ်တမ်း။

*

# အခန်း (၂)

နေခြည်က ခေါင်းကိုက်တယ်ဆိုပြီး သင်တန်းမတက်တာကြောင့် နေခတစ်ယောက်တည်း။ ယွန်းတို့ က ရောက်နှင့်ကုန်ရော့မည်။ နောက်ကျနေတာကြောင့် နေခ ကသောကသီနှင့် လှေကားပေါ် သို့ ပြေးတက်လိုက်စဉ် ...

“အင့်”

“ဟာ”

“အား”

လှေကားက ထောင့်ချိုးမှာ မို့ အပေါ်ကဆင်းလာသူနှင့် ဝင်တိုက်မိပြီး နေခ ဒူးထောက်လဲကျ သွား၏။

“ဆောရီး၊ မင်းက ဝင်တိုက်တာနော်၊ တို့ ဘာလုပ်ပေးရမလဲ”

“ရပါတယ်”

တစ်ဖက်လူကို လုံး၀ မော့မကြည့်ဖြစ်ဘဲ နေခ ကျုံးထကာ ဆက်လာခဲ့၏။ ဒူးကနာနေပေ မယ့် မကြည့်ဖြစ်သေး။ သူငယ်ချင်းတွေနဲ့ တွေ့မှ ပဲ ကြည့်ပြီး ဆေးလိမ်းသင့် လိမ်းရတာပေါ့။

“ဟော ဟိုမှာ နေခ လာပြီ”

"နေခြည်ရော"

"သူ ခေါင်းကိုက်နေလို့ ဒီနေ့ မတက်ဘူး"

"ဟဲ့ ... နင့်မျက်နှာက ရှုံ့ရှုံ့မဲ့မဲ့နဲ့ ဘာဖြစ်လာတာလဲ"

"လှေကားရင်းမှာ လူတစ်ယောက်နဲ့ ဝင်တိုက်မိသွားတာလေ၊ ဒူး ထောက်ကျတော့ ဒူးကွဲ သွားပြီလားမသိဘူး"

"မှန်း ... ပြစမ်း ပြစမ်း"

ဇာနည်က နေခဘောင်းဘီကို ဆွဲမလေလျှင် နေခ ဒူးအထိ လိပ်တင်ပြီး ပြလိုက်၏။

"သွေးနည်းနည်းစို့ရုံပါ၊ ဆေးလိမ်းရအောင်"

"ဟဲ့ ... လောလောဆယ် ဘယ်ကရမှာ လဲ"

လဝန်းမေးတာကို ဇာနည်က ပြုံးပြလိုက်ပြီး ...

"လျှပ်တပြက်ဖြစ်တတ်တဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ ကျုပ်က အကု န်ဆောင်ထားပြီးသား"

"ဘာတွေလဲ"

"ထိမိခိုက်မိရှိရင် သုံးဖို့ ဆေးနဲ့ ပလာစတာ, ဖိနပ်မတော်တဆ ပြတ် ရင် တွယ်ဖို့ ချိတ်, ဟိုဒင်း ဟိုဟာဖြစ်ရင်သုံးဖို့ ဂွမ်းကပ်, ပြီးတော့ မှတ်ပုံ တင်, ဖုန်းနံပါတ်အားလုံးကို အမြဲဆောင်ထည့်ထား တာလေ"

"အတုယူရမလိုပါလား"

"အကြောင်းကိစ္စဆိုတာ ပြောလို့ မရဘူးလေ၊ ဆောင်ထားပေါ့"

မှန်ပါသည် ။ ဇာနည်မေမေက ဒီလိုညွှန်ကြားထားခြင်းပါ။ လူတိုင်း

မှာ မမျှော်လင့်ဘဲ ကြုံတွေ့ ရတဲ့ ပြဿနာတွေကို အလွယ်တကူ ဖြေရှင်းနိုင်အောင် ကိုယ်က လိုအပ်သမျှ ဆောင်သွားရမည်တဲ့ ၊ ဇာနည် နေခဒဏ်ရာကို ဆေးထည့်ပြီး ပလာစတာနှင့် ကပ်ပေးလိုက်ပြီးနော် ...

"နေခ"

"ဟင်"

"နင်နဲ့ ဝင်တိုက်မိတာ ယောကျ်ားလေးနော်"

"အင်းလေ ... ဘာဖြစ်လို့ လဲ"

"သူက ချောလား"

"ဘယ်သိပ့်ါမလဲ ... ကိုယ့်အာရုံနဲ့ ကိုယ် သူ့ကိုမကြည့်အားပါဘူး"

"သေလိုက်ပါတော့"

"ဘာဖြစ်လို့ လဲ"

"ဟဲ့ ... အဲဒါမျိုးတွေနဲ့ ဇာတ်လမ်းစကြတာလေ၊ အခု နင့်ဟာက"

"ဟဲ့ ဟဲ့ ... ဘယ်ဟာကလဲ၊ ရှင်းအောင်ပြောနော်"

လဝန်းက ဝင်ဖောက်လိုက်သဖြင့် ယွန်း မျက်စောင်းထိုးလိုက်ကာ ...

"အခုကိစ္စက ဇာတ်လမ်းမစခင် အဆုံးသတ်သွားတာကို ပြောတာ"

"တော်စမ်းပါဟာ ... အဲဒါမျိုးတွေက ရိုးလွန်းလို့ ရင်ခုန်စရာ မကောင်းပါဘူး၊ အခုခေတ်မှာ က အရမ်းချမ်းသာပြီး အရမ်းချောတဲ့ အသက်ခပ်ကြီးကြီး အဲ ...ကိုကိုခေါ်ရမယ့်အရွယ်ပေ့ါနော်၊ အဲဒီလိုလူက ကောင်မလေးကိုသဘောကျပြီး ဖြုန်းခနဲဆို တောင်းယူလိုက်တာတို့ , ပြီးတော့ ..."

“ကဲ … တော်ပါတော့ လဝန်းရယ်၊ ဘယ်သူမှ တွေးပြီး စိတ်ကူးမယဉ်နဲ့ ၊ ဝင်တိုက်တိုင်း ဇာတ်လမ်းဖြစ်စရာလား၊ ဒီလမ်းဟောင်းကြီးကို လျှောက်မနေနဲ့ ”

နေခ ပြောလိုက်တာတောင် ပါးစပ်တွေက လှုပ်စိ လှုပ်စိဖြစ်ချင်ကြတုန်းပါ။ ဆရာဝင်လာမှ ပဲ ပါးစပ်တွေ အပြီးပိတ်သွားကြ၏။ ယွန်းမွေးနေ့တုန်းက အဖြစ်အပျက်ကို နေခ ဖျတ်ခနဲ သတိရခြင်း နှင့် နှုတ်ခမ်းလေးက လွန့်ခနဲပြုံးမိသွားသည် ။ နေခ သီချင်းဆုံးခါနီးမှာ ခေါင်းကို နှင်းဆီတစ်ပွင့် လာစိုက်ပေးတဲ့ လူလေ။ သူ့ကို နေခြည် လိုက်ကောလိုက်တာ မှတ်ကရောပဲ။

တကယ်တော့ နေရာတကာ နေခြည်ကသာ ဦးဆောင်ဖြေရှင်းပြီး နေခပါ မာနကြီးသည့် မိန်းမဖြစ်နေတာလေ။ ဒါကို နေခ ကျေနပ်သည် ။ နေခြည်က မာနကြီးတာလို့ မမြင်ဘဲ နေခကတော့ သူငယ်ချင်းကို ထက်မြက်သည် ၊ သတ္တိရှိသည် လို့ ပဲ အမှတ်ပေးထား၏။

နှလုံးသားရေးနဲ့ ပတ်သက်ပြီး နေခြည်ရော နေခပါ ဘယ်ယောကျ်ားလေးကိုမှ စိတ်ဝင်စား ခြင်းမရှိသေးပေ။ ဒါကြောင့် နှင်းဆီပွင့်လာပေးသူကို နေခြည် ကောလွတ်လိုက်တာပေ့ါ။

အင်း … အဲဒီလူ ချောတော့အချောသား။ သူလမ်းလျှောက်ပုံက ကြည့်ကောင်းပြီး မော်ဒယ်လ် ဘွိုင်းတစ်ယောက်လိုပါ။ နေခ သူ့အပြုံးတစ်ချက်ကိုမြင်လိုက်ပြီး စိတ်ထဲမှာ တစ်မျိုးဖြစ်သွားခြင်း သည် ဘာရယ်တော့မသိ။

“နေခ”

“ဟင်”

"တို့လိုက်ပို့ရမလား"

"ရပါတယ်၊ နေခြည်မပါတာနဲ့ ငါက လူရာမဝင်တော့တဲ့ အတိုင်းပဲ"

"တို့ က အဲဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး နေခရယ်၊ နင်တစ်ယောက်တည်းဆိုပြီး ကျား ချောင်းချောင်းနေတဲ့ ကောင်တွေ လိုက်နှောင့်ယှက်မှာ စိုးလို့ ပါ"

"ကျေးဇူးတင်ပါတယ်၊ နေခတစ်ယောက်တည်းလည်း ဘယ်သူ့ကိုမှ မကြောက်ဘူး၊ မွေးတုန်း က တစ်ယောက်တည်းလေ၊ သေရင်လည်း တစ်ယောက်တည်းပဲ သေရမှာ "

သင်တန်းဆင်းပြီဆိုတာနှင့် သူငယ်ချင်းတွေက နေခကို စိတ်မချသလို ပြောပေမယ့် လက်မခံ။ နေခစကားအဓိပ္ပာယ်က သူများကိုချည်း အားကိုးနေလို့ မရဘူးဆိုတဲ့ သဘောပါ။ လူတစ် ယောက်နဲ့ တစ်ယောက် ဘယ်လောက်ပဲ ချစ်ကြ ချစ်ကြ၊ စွယ်တော်ရွက်လို မခွဲထာဝစဉ် နေလို့ မရခြင်း သည် သဘာဝပဲလေ။

"ကဲ ... ဒါဆို တို့ သွားမယ် နေခ"

"အိုကေ ဘိုင်"

သူငယ်ချင်းတွေကို နှုတ်ဆက်ပြီး နေခ ကားဆီသို့ လျှောက်လာခဲ့သည် ။ ကားတံခါးကိုဖွင့် ပြီးတက်မည်ပြုလိုက်စဉ် ...

"ဆောင်းနေခ"

"ဟင်"

အနားသို့ရောက်လာသူကို လှည့်ကြည့်ပြီး နေခ မျက်လုံးလေး ကျုံ့သွား၏။ သူကပြုံးပြလျက် ...

"တို့ ကိုမှတ်မိလား"

နေခ ခေါင်းခါ ခေါင်းညိတ်မလုပ်ခင် သူက နှင်းဆီဖြူပန်းစည်းလေးကို ကမ်းပေးရင်း ...

"ဒါလေးပေးချင်လို့ တို့ နေခကို စောင့်နေတာ"

"ရှင့်ကို ကျွန်မမှ မသိဘဲ"

"အခုသိရမယ်လေ၊ တို့ နာမည်က ဘုန်းထွဋ်နေသာ၊ မွေးနေ့ပွဲမှာ တုန်းက မင်းကို အဖြူရောင် တွေပဲ ဝတ်ထားတာတွေ့လို့ ၊ အဲဒါကြောင့် နှင်းဆီဖြူလေးတွေပေးတာ၊ လက်ခံပါနော်"

"ဒီမှာ "

"ဗျာ"

"မွေးနေ့တုန်းက သီချင်းဆိုနေရင်းမို့လို့ ဘာမှ မတုံ့ပြန်ဖြစ်တာကို သဘောကျလက်ခံလိုက် တာလို့ ရှင်ထင်နေတာလား၊ ဒါကြောင့် နောက်ထပ်လက်ခံမှာ ပဲထင်ပြီး ထပ်လာပေးတာဆိုရင် ရှင့် ပန်းတွေ မြေမခရအောင် နောက်လှည့်ပြန်လိုက်တော့"

"ဟာ ... မဟုတ်ဘူး နေခ"

'ဂျိုင်း'

နေခ ကားတံခါးကို ဆောင့်ပိတ်ပြီး မောင်းထွက်လာခဲ့သည် ။ ဆောင်းနေခကို ဒီလိုလွယ်လွယ် နဲ့ ချဉ်းကပ်လို့ ရမတဲ့ လား။ ရှင် ဒီထက်ပိုကြိုးစားလိုက်ဦး ဘုန်းထွဋ်နေသာ။

*

# အခန်း (၃)

“ဟောတော့”

“ဘာဖြစ်တာလဲ”

နေခြည်မေးတာကို နေခ ပြန်မဖြေနိုင်။ ခုမှ သတိရတာလေ။ စာအုပ်ကြားထဲမှာ ညှပ်ထားတဲ့ နေခဓာတ်ပုံလေး ဘယ်ထွက်ကျန်ခဲ့ပါလိမ့်။

“နေခ … ငါမေးတာ ဖြေဦးလေ”

“စာအုပ်ကြားထဲမှာ ညှပ်ထားတဲ့ ဓာတ်ပုံလေး မတွေ့တော့လို့ ”

“နင်လစ်တုန်း တစ်ယောက်ယောက် ယူသွားပြီ ထင်တယ်”

“ငါ အိမ်ကထွက်ခါနီးမှ ပုံကြီးချုံ့မလို့ ညှပ်သွားတာဟ၊ ဒီစာအုပ်ကို ငါ ဘယ်မှ မထားမိ ပါဘူး၊ ငါနဲ့ ပဲ အတူရှိနေတာကို။ ပြန်လာတော့ ဝင်ကူးဖို့ မေ့သွားတာ”

“ဒီစာအုပ် နင်နဲ့ မကွာရှိနေရင် ဘယ်သူယူမှာ လဲ။ နင်လဲရင်တော့ လွင့်ကျတာတွေ ဘာတွေ ဖြစ်မှာ ပေါ့”

“အဲ”

လဲရင်ဆိုမှ နေခ သတိရသွား၏။ သင်တန်းသွားတော့ လှေကားမှာ သူများ နဲ့ ဝင်တိုက်ပြီး နေခ လဲခဲ့တာပါပဲ။ စာအုပ်က လွင့်ကျသွားပြီး သ

င်တန်းနောက်ကျမှာ စိုးတာနှင့် စာအုပ်ကို အမြန် ကောက်ပြီး ပြေးခဲ့တာ ။ အဲဒီမှာ များ ကျကျန်ခဲ့သလား။ ကိုယ်ကလည်း သုတ်သီးသုတ်ပျာနှင့်မို့ ဟိုလူ့ကိုပင် မျက်နှာမကြည့်လိုက်နိုင်။ အဲဒီလူများ ကျကျန်ခဲ့လို့ ကောက် သွားသလား။

“ကဲ ... သိပ်စဉ်းစားမနေနဲ့ ၊ နင့်ကိုပြောစရာရှိလို့ ငါလာစောင့်နေ တာ”

“ခေါင်းကိုက်ပျောက်သွားပြီလား”

“အင်း ... ပျောက်သွားပြီ”

“ဒါဆိုပြော ဘာလဲ”

“ယွန်းမွေးနေ့တုန်းက နင့်ခေါင်းမှာ နှင်းဆီဖြူတစ်ပွင့် ပန်ပေးသွား တဲ့ လူလေ သိလား”

“အင်း ... သိတယ်လေ၊ ဘာဖြစ်လို့ လဲ”

“သူ့နာမည်က ဘုန်းထွဋ်နေသာတဲ့ ”

နေခသိပြီးပြီဆိုတဲ့ အကြောင်းကို ပြောပြလိုက်ရမလား။ နေခြည်လ ည်း သိပြီးပြီဆိုတော့ ဘယ်လိုသိတာလဲ။ သူ ဘာဆက်ပြောမလဲသိရ အောင် နေခ မပြောချင်သေးပေ။

“နင် ဘယ်လိုလုပ်သိတာလဲ နေခြည်”

“အဲဒီလူ တော်တော်ရဲတယ်ဟ၊ ငါ့ကို နှင်းဆီနီတွေ လာပေးသွားတာ အိမ်တိုင်ရာရောက်ပဲ၊ ငါ ဘယ်လိုပဲ ဒေါသနဲ့ ပြောလွှတ်လွှတ် အပြုံးမပျ က်ဘူး၊ နောက်ဆုံး ငါ ပါးရိုက်မယ်လုပ်တာကို မျက်စိမှိတ်ပြီး နေပေး တာဟ”

“ဒီနေ့လား”

“ဟုတ်တယ်၊ နေ့တိုင်း ပန်းစည်းလက်ဆောင်ပို့ပါရစေတဲ့ ”

“နင် ဘာပြောလိုက်လဲ”

“ဘာမှ မပြောလိုက်ပါဘူး၊ သူ ဘာတွေဆက်လုပ်ဦးမလဲ၊ စောင့်ကြည့်ရသေးတာပေါ့”

“သူ့ကို နင် စိတ်ဝင်စားသွားပြီလား နေခြည်”

နေခြည့်အပြုံးက ခန့်မှန်းရခက်၏။ တစ်ခါတလေ သူက လုပ်ချင်တာဇွတ်လုပ်ပြီး တစ်ခါ တစ်ရံကျတော့ လျှို့ဝှက်ထားတတ်သူ၊ နေခက တော့ လိုအပ်တာမလိုအပ်တာတွေ တွေးတောချင့်ချိန် ခြင်းများ နှင့်၊ ပြောသင့်မှ ပြောပြီး မပြောသင့်တဲ့ စကားဆို ရိုက်မေးတောင် အသားနာတာ ခံမည့်သူ။

ခုလည်း နှစ်ယောက်စလုံးကို ပန်းစည်တွေပေးပြီး ဘုန်းထွဋ်နေသောဆိုတဲ့ လူ ဘာအချိုးချိုး တာလ။ ငါးရံ့နှစ်ကောင်ဖမ်းရအောင် သူဖမ်းတဲ့ နှစ်ယောက်က မသိတဲ့ သူစိမ်းတွေလည်း မဟုတ်။ သူနဲ့ ပတ်သက်ပြီး နေခ ဘာမှ မပြောတော့ဖို့ ဆုံးဖြတ်လိုက်၏။ ဒီတစ်ခါ သူနဲ့ တွေ့ရင် အဖြူရောင် အတွက် အဖြူရောင်အတိုင်းပဲ တွေးကြည့်ပေးရုံပေါ့။

“သူချောတယ်၊ ချမ်းလည်း ချမ်းသာမယ့်ပုံပဲ၊ ငါက ငါနဲ့ လိုက်ဖက်မယ့်သူဆိုရင် နည်းနည်း တော့စိတ်ဝင်စားတယ်၊ ငါက နင့်လောက် မချမ်းသာတော့ ချမ်းသာတဲ့ လူနဲ့ လက်တွဲမှ ဖြစ်မှာ ဟ”

“ဟင် … နင်က ငါနဲ့ ပြိုင်မလို့ လား”

“အမှန်အတိုင်းဝန်ခံရရင် ငါ ဒီဘဂထက် နိမ့်ကျမှာ ကို ကြောက်တ

ယ် နေခ၊ အခုမိဘတွေရဲ့ ပိုင်ဆိုင်မှုဆိုတာလည်း သူတို့ မရှိရင် ငါတစ်ယောက်တည်း ပိုင်ဆိုင်ခွင့်ရမှာ မှ မဟုတ်တာ၊ မောင်နှမ သုံးယောက်ရှိတာဆိုတော့ ခွဲယူရမှာ လေ၊ ငါ နင့်လို ချမ်းသာချင်တယ် နေခ”

“အဲဒါ ချစ်သူရွေးတာ ဘာဆိုင်လဲ”

“ဘုန်းထွဋ်နေသာက ငါး၊ ပုစွန်တွေ နိုင်ငံခြားကို အိပ်စ်ပို့အင်ပို့လုပ်နေတဲ့ ဦးဘုန်းခန့်ရဲ့ တစ်ဦးတည်းသောသားတဲ့ ”

“နင် ဘယ်လိုလုပ်သိတာလဲ”

“ဒယ်ဒီနဲ့ သူ့အဖေက သိတယ်တဲ့ ၊ အဲဒါကြောင့် သူ အိမ်တိုင်ရာရောက်လာရဲတာပေ့ါ၊ သူက ဒယ်ဒီကို သိနေတော့ ဒယ်ဒီနဲ့ ကပ်ပြီး ငါ့ကိုအပိုင်လာချိတ်တာ”

“ဩော် ဩော်”

“ဘယ်လိုလဲ ... နင်ရော ဘယ်လိုမြင်လဲ နေခ”

“ကောင်းပါတယ်၊ နင်တို့ နှစ်ယောက်ဆိုရင် နေနဲ့ လ ရွှေနဲ့ မြပါပဲ”

အဲဒီလိုမပြောလို့ နေခ ဘယ်လိုပြောရမလဲ။ နေခြည်ရေ မယုံနဲ့ ၊ နင့်လူ ငါ့ကိုလည်း ဒီလို ပန်းစည်းလာပေးပါတယ်ဆိုရင် ဒီနေရာမှာ အခန့်မသင့်ရင် နေခြည် နေခအပေါ် အထင်လွဲသွားနိုင် သည် လေ။ အဲဒီတော့ ဘာပြောစရာလိုမှာ လဲ။ သူငယ်ချင်းကို စိုးရိမ်စိတ်နဲ့ ပြောချင်ပေမယ့် နေခြည် က တစ်ခုခုကို စိတ်ဝင်စားပြီဆို ဖျက်လို့ ရတာ မဟုတ်။

လက်တွေ့ ကသိကအောက်ဖြစ်မှ သာ နေခပြောတာဟုတ်သားလို့ ပြောယုံသာ ဖြစ်၏။

“နေခြည် ... အဲဒီဘက်မသွားနဲ့ ၊ ပျားအုံရှိတယ်”

"ပျားရှိတာ ဘာဖြစ်လဲ၊ သူ့အဆိပ်၊ ဘယ်လောက်ပြင်းလဲ သိရအောင် ထိုးပါစေ"

ဆိုပြီး နေခြည် နောက်ဖေးခြံစည်းရိုးမှာ ပုဏ္ဏရိပ်ပန်းတွေ ခူးကစားတာကို အမှတ်ရမိ၏။ အဲဒီတုန်းက နေခတို့ ဆယ်နှစ်အရွယ်လောက်ပါ။ ပျားထိုးခံရပြီးမှ နေခြည်က နေခပြောတာကို ယုံတဲ့ သူ။

"နေခြည် ... ခဏနေဦးလေ၊ ကော်ဖီက အရမ်းပူနေတုန်းပဲ၊ မှုတ်ပြီးမှ သောက်လေဟာ"

"ကော်ဖီက ပူတုန်းသောက်မှ ကောင်းတာကို၊ နင် ဆရာကြီး မလုပ်ပါနဲ့ "

ဆိုပြီး သောက်ထည့်လိုက်တာ လျှာကိုပူသွားတော့မှ ငိုလို့ နေခ ယပ်ခပ်ပေးရမလို၊ ရေတိုက် ရမလို ဖြစ်ခဲ့တာက ရှိသေးသည် ။

ခုလည်း ဘုန်းထွဋ်နေသောဆိုတဲ့ လူ နေခကို ပန်းစည်းလိုက်ပေးတာ ပူပူနွေးနွေးကြီးပဲ ရှိသေး သည် လေ။

"နေခ"

"ဟင်"

"တို့ တွေ မာနတွေစွတ်ကြီးပြီး ရည်းစားမထားဘဲနေခဲ့တာ တကယ်တွေးကြည့်ရင် ပျင်းစရာ ကြီးဟနော်၊ ငါတော့ တစ်ခါတလေ ထားကြည့်ချင်တယ်၊ နင်ရော"

"ငါက ချစ်သူတွေ့မှ ထားမှာ "

"ဟင် ... နင့်စကားက ဘာကြီးလဲ၊ အတူတူပဲဟာကို"

"တူတယ်ထင်ရပေမယ့် မတူဘူးနေခြည်၊ ရည်းစားဆိုတာထက် ချစ်

သူဆိုတဲ့ ဝေါဟာရက ပိုပြီးလေးနက်တယ်၊ သူက ကိုယ့်ကိုပဲ စွဲစွဲလမ်းလမ်းချစ်နေပြီး ကိုယ်ကလည်း သူ့ကိုချစ်နေမှ ချစ်သူ ဆိုတာ အဓိပ္ပာယ်ရှိတာပေါ့"

"မသိဘူးဟာ၊ ငါကတော့ သဘောကျရင် ကြိုက်မယ်လို့ လဲ စိတ်ကူးလိုက်ပြီ၊ ရည်းစား တစ်ထောင် လင်ကောင်တစ်ယောက်ဆိုတဲ့ စကားရှိနေတာပဲ၊ ပြီးမှ ခေါင်းခေါက်ရွေးလိုက်မယ်၊ မိန်းကလေးတို့ ဣန္ဒြေဆိုတဲ့ သိက္ခာပုဒ်ကြီးကို ထိန်းရတာ ကြာတော့ စိတ်တွေမွန်းကျပ်ပြီး ပင်ပန်းလာသလိုပဲဟာ"

"ငါ သတိတော့ ပေးပါရစေ"

"ဘာလဲ"

"အီလွန်းတဲ့ ဘီး ချေးပေတဲ့ "

"ချေးပေတော့ ရေဆေးလိုက်ရုံပေါ့ နေခရယ်"

နေခ သက်ပြင်းလေးချလိုက်၏။ အပြောကတော့ ချောလို့ ပါပဲ။ တကယ့်လက်တွေ့မှာ မချောလို့ မျောပါပြီး မဟုတ်မဟပ်တွေနဲ့ တွေ့မှာ စိုးတာကို ဘယ်လိုသွယ်ဝိုက်ပြောပြရမလဲ။ ဒဲ့ပြောရင် လည်း ငြိုငြင်ခံရဦးမည်။ နေခ နေခြည်ငြိုငြင်မှာ ကိုတော့ မလိုလားပေ။

သူတို့ နှစ်ယောက်မှာ နေခြည်က မနက်မွေး နေတက်ဖြစ်ပြီး နေခက မွန်းလွဲမှ မွေးတာမို့ နေကျဟု ဆိုကြသည် လေ။ နှစ်ယောက်စလုံးက အင်္ဂါသမီးတွေ။ လူကြီးတွေက ...

"အင်္ဂါစိတ်ပုတ် တလှုပ်လှုပ်"

လို့ စရင် နှစ်ယောက်စလုံး မကြိုက်ကြ။ အန်တီတော်ဝင်က သူ့သမီးကို မနက်ပိုင်းနေထွက်စ အချိန်မှာ မွေးတာမို့ ဆောင်းနေခြည်လို့ နာမ

ည်ပေးခဲ့တာတဲ့ ။ ဒါကို နေခမိဘတွေက မွန်းလွဲပိုင်းမှ မွေးတဲ့ သမီးကို ကလေးနှစ်ယောက် တစ်နေ့တည်းမွေးလို့ နာမည်ဆင်အောင်ဆိုပြီး ဆောင်းနေခလို့ နာမည်ပေးခဲ့တာ ဖြစ်၏။

"အေးလေ ... တို့ က ဘွဲ့တောင်ရပြီးပြီဆိုတော့ သီးချိန်ပွင့်ချိန်တန်ပြီလို့ ပဲ သတ်မှတ်ရတော့ မှာ ပေါ့"

"နင်ရော ပွင့်ဖို့ စိတ်ကူးပြီလား"

"နိုးပဲ"

"ဟင် ... ဘာဖြစ်လို့ လဲ"

"မိဘလုပ်စာ ထိုင်စားခဲ့ပြီးပြီဆိုတော့ ကိုယ်က ပြန်လုပ်ကျွေးရဦးမှာ ပေါ့ဟဲ့"

နေခကို နေခြည်က ပခုံးတွန့်ပြပြီးမှ အလေးပြုသလို လုပ်ပြသည် ။ တကယ်ပဲဖြစ်ဖြစ်၊ ရွဲ့တာပဲဖြစ်ဖြစ် နေခကတော့ နေခြည့်အပေါ် အပြစ်မမြင် ချစ်ခင်စိတ်ဖြင့် အရာရာကို နားလည်ပေး နိုင်သူ။

"ကဲ နေခ"

"ထိုင်ရာကနေ ထရပ်လိုက်ပြီဆိုတော့ ပြန်တော့မယ်လို့ ပြောမလို့ မဟုတ်လား"

"အဟဲ"

"အဲဒီမျက်နှာ အပြင်ထွက်သွားရင် သံမဏိမျက်နှာဖုံးစွပ်ထားတဲ့ အတိုင်း"

နေခြည်နှာခေါင်းကို လိမ်ဆွဲရင်း နေခက ပြောလေသည် ။ ဟုတ်တာပဲလေ။ အပြင်မှာ ဆို နေခြည်မျက်နှာထားက အမြဲတင်းနေတာ မဟုတ်

လား။

“အခု အဲဒီမျက်နှာဖုံးကို ခွာချလိုက်တော့မယ်”

“ခွာ ခွာ ... အဲဒါမှ မြန်မြန်လင်ရတော့ အေးရော”

“သူမျှားကိုချည်းပဲ မပြောနဲ့ သိလား”

“ပြောတော့ ဘာဖြစ်လဲ”

“နင့်ကိုပါ စွံအောင်လုပ်မှာ ”

“အံမယ် ... နင်လုပ်ချင်တိုင်း လုပ်လို့ ရမလား”

“တော်ကြာ အစကပြောပါတော့လား ဖြစ်နေမယ်နော်”

“ဟယ် ... နေခြည်အစုတ်ပလုတ်”

နေခ ထုမယ်လုပ်တော့မှ နေခြည်ပြေးထွက်သွားလေသည် ။ အပြင်မှာ ဘယ်လောက်ပဲ မာန ကြီးကြီး၊ လူကြီးဆန်ဆန် အိမ်မှာ တော့ နှစ်ယောက်စလုံး ကလေးတွေလိုပါ။

*